# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

April 7, 2020 Volume 30, Number 5


**၇.၄.၂၀၂၀**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၆၆၆ -US$ |
| မြန်မာ့ရွှေဈေး | = Close |
| ဒေါ်လာဈေး | = ၁၄၃၅/- ကျပ် |
| CBM Rate | = ၁၄၄၉.၆ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၇၅.၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၀၁၇.၁ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၈၄.၂ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၃၀.၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၈၉၄.၇၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၀၅.၃၇ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၉.၁၈၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၉.၃၃ ကျပ် |
| မလေးရှားရင်းဂစ် | =၃၃၃.၆၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၄.၂၉၆ ကျပ် |

Source: CBM Rate, etrademyanmar.com

## အခြေခံလူတန်းစားများကို တစ်အိမ်ထောင်လျှင် စားသောက်ကုန်ငါးမျိုး အစိုးရထောက်ပံ့မည်

သင်္ကြန်ရုံးပိတ်ရက်ရှည်ကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် အိမ်ထောင်စုတစ်စုလျှင် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ကြက်သွန်ပစ္စည်းငါးမျိုးကို ဧပြီ ၁၀ ရက်ကစတင်၍ အခမဲ့ဖြန့်ဖြူးပေးမည်ဟု နိုင်ငံတော်၏အတိုင်ပင်ခံရုံးက ယမန်နေ့ (ဧပြီ ၆ ရက်)တွင် ထုတ်ပြန်ကြေညာသည်။ COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံသို့ နိုင်ငံအနှံ့အပြားမှ ပြည်သူများ၏တင်ပြချက်များကို စိစစ်၍ အစိုးရက ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည့်အခြေအနေကို ရှာဖွေသုံးသပ်ခဲ့ကြောင်း ထုတ်ပြန်ချက်၌ ဖော်ပြသည်။

ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် အိမ်ထောင်စုတစ်စုလျှင်ဆန်ရှစ်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ဆား ၅၀ ကျပ်သား၊ ပဲတစ်ပိဿာ၊ ကြက်သွန်တစ်ပိဿာ စုစုပေါင်း ထောက်ပံ့မှု ငါးမျိုးစီကို အခမဲ့ဖြန့်ဖြူးထောက်ပံ့ပေးမည်ဟုဆိုသည်။ ထိုသို့ဆောင်ရွက်ရာတွင် မလိုလားအပ်သော လေလွင့်မှုများ၊ ကြန့်ကြာမှုများ၊ အဂတိလိုက်စားမှုများ မဖြစ်ပေါ်စေရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများ၏ကြီးကြပ်မှုဖြင့် စာရင်းကောက်ယူခြင်း၊ ထုပ်ပိုးခြင်း၊ ပို့ဆောင်ခြင်း၊ ဖြန့်ဖြူးခြင်းစသည်တို့ကို ဌာနဆိုင်ရာအဖွဲ့ အစည်းများ၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပရဟိတလူငယ်များနှင့် ပူးပေါင်းဆောင်ရွက်မည်ဟု ထုတ်ပြန်သည်။ ထို့အပြင် အိမ်သုံးအမျိုးအစား လျှပ်စစ်ဓာတ်အားသုံးစွဲမှု ၁၅၀ ယူနစ်အထိကို ငွေကြေးကောက်ခံမှုကင်းလွတ်ခွင့် ဧပြီလကုန်အထိ ပေးမည်ဟု အတိုင်ပင်ခံရုံး ထုတ်ပြန်ချက်၌ ဖော်ပြသည်။ အဆိုပါ လျှပ်စစ်မီတာကင်းလွတ်ခွင့်သည် ပြည်သူများ၊ ဘာသာရေးအဖွဲ့အစည်းများနှင့် ပြည်တွင်းလူမှု အဖွဲ့အစည်းများအတွက်ဖြစ်ပြီး သံရုံးများ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများ မပါဝင်ပေ။

အစိုးရ၏ အထက်ပါ ထုတ်ပြန်ချက်အပေါ် ပြည်သူအများစုက ယမန်နေ့တွင် ကြိုဆိုထောက်ခံကြောင်း လူမှုကွန်ရက်တွင် ရေးသားဖော်ပြခဲ့သည်။ “အစ်ကိုတို့ရပ်ကွက်ဲမှာ အစိုးရကို ထိုင်ရှိခိုးချင်တဲ့သူလည်းရှိတယ်။ တချို့ကလည်း ဟုတ်ရဲ့လားဆိုပြီး မယုံတဲ့သူလည်းရှိတယ်။ တချို့က သန်းခေါင်စာရင်းမရှိလို့ အစိုးရထောက်ပံ့တာကိုမရမှာ စိုးရိမ်တဲ့သူလည်းရှိတယ်” ဟု မင်္ဂလာဒုံမြို့နယ်နေ ကိုမိုးမင်းထွေးက ပြောသည်။ အစိုးရ၏ ထောက်ပံ့မှုသည် အမှန်တကယ်လိုအပ်နေသူများထံရောက်ရှိရန် လိုအပ်ပြီး အုပ်ချုပ်မှုနှင့်နီးလျှင်တစ်မျိုး၊ အုပ်ချုပ်မှုနှင့်ဝေးလျှင်တစ်မျိုး မဖြစ်သင့်


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

ကြောင်း မရမ်းကုန်းမြို့နယ်တွင်နေထိုင်သူ ကိုထွန်းဝင်းက မှတ်ချက်ပြုသည်။
“ကောင်းတာပေ့ါ။ မင်္ဂလာ သတင်းပဲဟာ”ဟု ၎င်းက အတိုင်ပင်ခံရုံး ထုတ်ပြန်ချက်အပေါ်တုံ့ ပြန်သည်။ COVID-19 ကြောင့် မြန်မာနိုင်ငံသည် အထွေထွေအကျပ်အတည်းဆိုက်နေပြီး အလုပ်လက်မဲ့အပါအဝင် စီးပွားရေးပြဿနာ ပေါင်းစုံအတွက် Stimulus Package ဟုခေါ်သည့် ပံ့ပိုးရေး အစီအစဉ် ကြီးကြီးမားမားလိုအပ်ပြီး ယခုကဲ့သို့ ထောက်ပံ့ကူညီခြင်းသည် ကောင်းမွန်သည်ဟုယူဆကြောင်း နိုင်ငံရေးလေ့လာစောင့် ကြည့်သူ ဦးအောင်သူငြိမ်းက သုံး သပ်သည်။ “ဒါပေမဲ့ ဩဂုတ်ကုန် ၁ဝ ရက်အတွင်း ကျွေးဖို့မဟုတ်ဘဲ ဒီထက်ပိုကြီးတဲ့ စီမံကိန်းမျိုးလိုလိမ့်မယ်လို့ ကျွန်တော်ထင်တယ်”ဟု ၎င်း ကပြောသည်။

နယ်စပ်ဒေသရှိ ဒုက္ခသည်စခန်းများတွင်ကျင့်သုံးသည့် CBTဟုခေါ်သော Community BasedTargeting အစီအစဉ် ကျင့်သုံးသင့်ပြီး ယင်းအစီအစဉ်မှာ ရပ်ရွာထဲတွင် မည်သူက အဆင်းရဲဆုံးဖြစ်သည်ကို ပြည်သူအချင်းချင်းကသိကာ မည်သူက အကူအညီရသင့်သည်ကို ပြည်သူကို ပြန်လည် ဆုံးဖြတ်ခိုင်းသည့် ပုံစံမျိုးဖြစ်ပါက ပိုမိုကောင်းမွန်ကြောင်း ဦးအောင်သူငြိမ်းက တိုက်တွန်းသည်။ “အခြေခံလူတန်းစားက အခုဟာက တကယ်ကန့်သတ်တာတွေများတဲ့အတွက် အခက်အခဲ ဖြစ်နေတာပေ့ါ။ အခုအချိန်မှာ ထောက်ပံ့မယ်ဆိုတာ ကောင်းပါတယ်”ဟု စီးပွားရေးလုပ်ငန်းရှင် ဒေါက်တာစိုးထွန်းက မှတ်ချက်ပြုသည်။ မီတာခသုံးစွဲမှု လျှော့ချပေးခြင်းသည်လည်း ကောင်းမွန်ကြောင်းနှင့် တစ်ဖက်တွင် စီးပွားရေးလုပ်ငန်းများကို အစိုးရက ထောက်ပံ့ရန်လိုအပ်ကြောင်း ၎င်းကအကြံပြုသည်။

**Source:** https://7day.news/detail?id=183710

## ငရုတ်ဈေးကောင်း၍ တောင်သူများ မိုးငရုတ် စိုက်ပျိုးရန် ပြင်ဆင်




ဧရာဝတီတိုင်းဒေသကြီး၊ မော်လမြိုင်ကျွန်းမြို့နယ်တွင် ၂ဝ၁၉ ခုနှစ်မှ စတင်ကာ ၂ဝ၂ဝ ပြည့်နှစ်အထိ ငရုတ်ဈေး ကောင်းရနေသဖြင့် ောင်သူများက မိုးငရုတ် စိုက်ပျိုးရန် စိုက်ကွက်ဖော်ခြင်းကို အမြန်ဆုံး လုပ်ဆောင်နေ ကြောင်း သိရသည်။ ၂ဝ၁၉ ခုနှစ် နှစ်ကုန်ပိုင်းတွင် ငရုတ်ခြောက်(အရှည်) တစ်ပိဿာလျှင် ကျပ် ၅ဝဝဝ မှ ၅၅ဝဝ၊ ငရုတ်ခြောက် (အလတ်) တစ်ပိဿာ ကျပ် ၆ဝဝဝ မှ ၇ဝဝဝ ဈေးပေါက်ခဲ့ပြီး ငရုတ်ခြောက် (အပွ) တစ်ပိဿာလျှင် ကျပ် ၇၅ဝဝ မှ ၈ဝဝဝ အထိ ပေါက်ဈေးရှိခဲ့ကြောင်း သိရသည်။
၂ဝ၂ဝ ပြည့်နှစ်မတ်လ ပထမပတ်ကစတင်ကာ ငရုတ်ခြောက် (အရှည်) တစ်ပိဿာလျှင် ကျပ် ၆၅ဝဝ မှ ၆၈ဝဝ၊ ငရုတ်ခြောက်(အလတ်) တစ်ပိဿာလျှင် ကျပ် ၆ဝဝဝ မှ ၈ဝဝဝ၊ ငရုတ်ခြောက် (အပွ) တစ်ပိဿာလျှင် ကျပ် ၈ဝဝဝမှ ၉၄ဝဝ ကြား ပေါက်ဈေးရှိနေကြောင်း သိရသည်။

မိုးငရုတ်တွေ စိုက်ဖို့လုပ်နေတာပါ။ ဆောင်းငရုတ်၊ နွေငရုတ် စိုက်ခဲ့ပါပြီ။ အခုစိုက်မယ့် မိုးငရုတ်က အခုချိန်ဟိုရက်က မိုးရွာထားတဲ့အစိုဓာတ်လေးနဲ့ စိုက်ထားလိုက်တော့ လာမယ့်မိုးဦးလည်းကျရော အပင်တွေ အတော်အသင့်သန်မာလာပြီပေ့ါ။ မိုးငရုတ်က မိုးရေများများရတော့ မှန်တယ်။ မိုးသိပ်များတော့လည်း မကောင်းဘူး။ ငရုတ်ခင်းတွေရေများလွန်းရင် ပျက်စီးတတ်တယ်။ ဒါကြောင့် ရှေ့က စိုက်ခဲ့တဲ့ငရုတ်တွေထက် ပိုဂရုစိုက်ရတယ်။ ငရုတ်သီးဈေးက ဒီနှစ်အဖို့ အတော်အသင့် ဈေးကောင်းရခဲ့တော့ မိုးငရုတ်စိုက်ဖို့ လုပ်နေကြတာပါ”ဟု မော်လမြိုင်ကျွန်းမြို့နယ်က ငရုတ်စိုက် တောင်သူ ဦးလှထွန်းက ပြောသည်။ မော်လမြိုင်ကျွန်းမြို့နယ်တွင် ကျေးရွာ ၆၇၆ ရွာရှိသည့်အနက် ကျေးရွာ ၂၁ ရွာမှ တောင်သူ ၁၈၃ ဦးသည် မတ်လဒုတိယပတ်ကစတင်၍ မိုးငရုတ်များစိုက်ပျိုးရန် ပြင်ဆင်လျက်ရှိပြီး ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လတို့တွင် ခူးဆွတ်နိုင်မည်ဖြစ်ကြောင်းသိရသည်။ “ငရုတ်သီးဈေးက အကျဘက်မှာမရှိဘဲ အတက်ဘက်မှာဆိုတော့ စိုက်ရတာအားရှိတယ်။ ဒါကြောင့်လည်း အခုလိုရာသီလိုက်စိုက်ခဲ့တာပါ။ ငရုတ်သီးဈေးသာ လက်ရှိဈေးထက် ပိုမကျဘူးဆိုရင် စိုက်တဲ့သူအားလုံး အဆင်ပြေတယ် လို့ ပြောနိုင်တယ်။ မိုးငရုတ်သီးကိုလည်း အခုစိုက်ကွက်ဖော်ပြီးရင် စိုက်တော့မှာပါ။ ဒါဆို မိုးလည်းရွာရော ဘာမှစိတ်ပူစရာမရှိတော့ဘူးပေ့ါ”ဟု မော်လမြိုင်ကျွန်းမြို့နယ်က ငရုတ်စိုက်တောင်သူ ဦးမြင့်လွင်က ပြောသည်။ အဆိုပါ

ရေတ်များကို ဒေသတွင်းရှိ စိုက်ပျိုးရေးသီးနှံဆိုင်များတွင် ထိုင်ဝမ်ရေတ်မျိုးစေ့ဝယ်ယူကာ တောင်သူများ ကိုယ်တိုင် စနစ်တကျ ပျိုးထောင်စိုက်ပျိုးခြင်းဖြစ်ပြီး လက်ရှိ စိုက်ပျိုးထားသည့်ရေတ်ပင်များကကာလတိုအတွင်း ငွေပြန်ဝင်မည်ဖြစ်ကြောင်း သိရသည်။

**Source: မြန်မာတောင်သူကြီးများ ဂျာနယ်**

http://htwettoe.com/article-details/news/9070863

## တရုတ်၏ COVID-19 တားဆီးထိန်းချုပ်ရေးအစီအစဉ်ကြောင့် နယ်စပ်ကုန်သွယ်ရေး တုံ့ဆိုင်းမှုကြုံ




တစ်ရက်လျှင် ကန်ဒေါ်လာ ၁၅ သန်းခန့် ကုန်သွယ်နေသော မူဆယ်-ရွှေလီ နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများသည် တရုတ်အစိုးရ၏ COVID-19 ရောဂါ တားဆီးထိန်းချုပ်ရေးအစီအစဉ်ကြောင့် ကုန်သွယ်မှုတုံ့ဆိုင်းသည့် အခြေအနေကြုံလာရကြောင်း မူဆယ်မြို့မှ ကုန်သည်အချို့ကပြောသည်။ မြန်မာနိုင်ငံမှတင်ပို့နေသော ဆန်၊ ပြောင်းဖူးစေ့၊ ရေထွက်ကုန်များကို ကုန်တင်ယာဉ်အဝင် ကန့်သတ်တားဆီးမှုကြောင့် ကုန်သွယ်ရေးကို အခက်အခဲဖြစ်စေသည်ဟု ၎င်းတို့ကပြောသည်။

နယ်စပ်ဝင်ပေါက်ဖြစ်သော ကျယ်ဂေါင်မန့်ဝိန်းဂိတ်တွင် ကုန် တင်ကားများ တန်းစီပိတ်နေပြီး ကုန်စည်များတင်ပို့နိုင်ခြင်းမရှိပေ။ နယ်စပ်ကုန်သွယ်ရေးဖြင့် တရုတ်သို့ ကုန်ပစ္စည်းများရောင်းချရာတွင် ရွှေလီမြို့ရှိ ဂိုဒေါင်များအရောက် ကုန်ပစ္စည်းများချထား ပေးရသည်။ ထိုအခြေအနေတွင် ယူနန်ပြည်နယ် ရွှေလီအစိုးရက COVID-19 ရောဂါ တားဆီးထိန်းချုပ်ရေးအတွက် ယာဉ်မောင်းလဲလှယ်ရေး အစီအစဉ်တစ်ခုကို ဧပြီ ၅ ရက်က စတင် အကောင်အထည်ဖော်ခဲ့သည်။ မြန်မာပြည်မှ ကုန်စည်များတင်ဆောင်လာသောယာဉ်များကို မန့်ဝိန်းဂိတ်တွင် တရုတ်အစိုးရကအသိအမှတ်ပြု ထားသည့် ယာဉ်မောင်းများဖြင့်လဲလှယ်မောင်းနှင်ပြီး ရွှေလီရှိ ဂိုဒေါင်များ တွင် ကုန်စည်များ သွားချရမည့် အစီအစဉ်ဖြစ်သည်။ ထိုအစီအစဉ်ကို မြန်မာကုန်တင်ယာဉ်မောင်းများက မလုပ်လိုသဖြင့် မူဆယ်နယ် မန့်ဝန်းဂိတ်တွင် ကုန်တင်ကားများ ရပ်ထားပြီး ညှိနှိုင်းနေကြောင်း အဝေးပြေး ကုန်စည်ပို့ဆောင်ရေးအသင်း (မူဆယ်) မှ ဦးဝင်းအောင်ခန့်က ပြောသည်။ "တရုတ်အစိုးရ တာဝန်ရှိသူတွေနဲ့ညှိတာ နှစ်ရက်ရှိပြီ။ ဒီနေ့တော့ ကျွန်တော်တို့လိုလားချက်ကို တင်ပြခဲ့တယ်" ဟု ဦးဝင်းအောင်ခန့်က ပြောသည်။ ကုန်ချရန်ကားများ ကျယ်ဂေါင်ကားကြီးဝင်းအထိ ဝင်ခွင့်ပြုရေး၊ လူအများကြီးမဝင်စေလိုပါက မြန်မာယာဉ်မောင်းများ အပါအဝင် ကားအစီးရေကန့် သတ်ပြီး ခွင့်ပြုရေးတို့ကို ဧပြီ ၆ ရက် ညှိနှိုင်း အစည်းအဝေးတွင် မြန်မာဘက်က တောင်းဆိုထားသည်။ ယင်းတောင်းဆိုချက်များကို တရုတ်အစိုးရတာဝန်ရှိသူများက အထက်ကိုတင်ပြပြီး ဆောင်ရွက်ပေးမည်ဟုပြောကြောင်း ဦးဝင်းအောင်ခန့်ကဆိုသည်။

**Source:** https://7day.news/detail?id=183689

## COVID-19 ကြောင့် ရင်းနှီးမြှုပ်နှံမှု ဖိုရမ်လေးခု ရွှေ့ဆိုင်းခဲ့ရ




COVID-19 ကြောင့် မြို့ကြီးလေးမြို့တွင်ပြုလုပ်မည့် ရင်းနှီးမြှုပ်နှံမှု ဖိုရမ်လေးခုရွှေ့ဆိုင်းခဲ့ရပြီး ထိခိုက်နစ်နာမှုများရှိကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ သိရသည်။ ရန်ကုန်၊ ပဲခူး၊ မုံရွာနှင့် မန္တလေးတို့တွင် ယခုနှစ်အတွင်းပြုလုပ်မည့် ရင်းနှီးမြှုပ်နှံမှုဖိုရမ်များ ရွှေ့ဆိုင်းခဲ့ရခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် အမြဲတမ်းအတွင်းဝန် ဦးအောင်နိုင်ဦးကပြောသည်။ ယခုနှစ်တွင် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှု ရာခိုင်နှုန်း ၄၀ ခန့်ကျဆင်းမည်ဟု ခန့်မှန်းမှုများလည်းရှိနေကြောင်း၊ လက်ရှိတွင် မြန်မာနိုင်ငံ၌ လာရောက်ရင်းနှီးမြှုပ်နှံမှု အားကောင်းလျက်

ရှိနေသေးသော်လည်း လက်တွေ့ဖြစ်ပေါ်နေသည့် အခက်အခဲများကြောင့် လာရောက်လုပ်ကိုင်ရန် အဟန့်အတားများ ဖြစ်ပေါ်နိုင်ကြောင်းသိရသည်။ "အဲဒီအတွက် ထိခိုက်မှုတွေရှိတယ်။ ရင်းနှီးမြှုပ်နှံမှု ဖိုရမ်ဆိုတာတော့ ပြည်ပကလာတဲ့သူတွေနဲ့ ပြည်တွင်းကသူတွေ ချိတ်ဆက်ကြတယ်။ ပြည်ပကလာတဲ့သူတွေအတွက် အခွင့်အလမ်းတွေရတယ်။ ဒီဖိုရမ်တွေ ရပ်သွားတဲ့အတွက် ထိခိုက်မှုရှိတယ်။ လက်ရှိအချိန်အထိ စိတ်ဝင်စားတဲ့ နိုင်ငံတ ွရှေနေတယ်။ အခြေအနေမပေးလို့သာ မလာနိုင်ကြသေးတာပါ။ စိတ်ဝင်စားတာကတော့ ကျသွားတာမရှိပါဘူး"ဟု ဦးအောင်နိုင်ဦးကပြောသည်။

ရင်းနှီးမြှုပ်နှံမှုဖိုရမ်များ ရပ်ဆိုင်းခဲ့ရသော်လည်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် ဧပြီ ၃ ရက်တွင် ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ သန်း ၅၅၀ ကျော်၊ မြန်မာငွေကျပ်သန်း ၅၀,၀၀၀ ကျော်နှင့် ရင်းနှီး မြှုပ်နှံမည့်လုပ်ငန်း ၁၁ ခုကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံကော်မရှင်၏ အစည်းအဝေးကခွင့်ပြုပေးခဲ့ပြီး ဆက်လက်ခွင့် ပြုပေးရန် လုပ်ငန်းများလည်း ရှိနေသေးကြောင်း သိရသည်။ COVID-19 ကြောင့် ရွှေ့ဆိုင်းထားသော ရင်းနှီးမြှုပ်နှံမှုဖိုရမ်များ ပြန်လည်ကျင်းပမည့်အချိန်ကိုမူ မပြောနိုင်သေးဘဲ အခြေအနေအပေါ်မူတည်ကြောင်း ဦးအောင်နိုင်ဦးကပြောသည်။ ၂၀၂၀ ပြည့်နှစ် မတ်လကုန်အထိ ရင်းနှီးမြှုပ်နှံမှု အများဆုံး ပြုလုပ်ထားသော နိုင်ငံများမှာ စင်ကာပူ၊ တရုတ်နှင့် ထိုင်းနိုင်ငံတို့ဖြစ်သည်။ နိုင်ငံပေါင်း ၅၁ နိုင်ငံမှ စီးပွားရေးကဏ္ဍ ၁၂ ခုတွင် အများဆုံးရင်းနှီးမြှုပ်နှံထားပြီး ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၂၆ ဒသမ ၉၄ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ လျှပ်စစ်ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၆ ဒသမ ၂၆ ရာခိုင်နှုန်းဖြင့် လည်းကောင်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၁၈ ရာခိုင်နှုန်းဖြင့်လည်းကောင်း ရင်းနှီးမြှုပ်နှံထားကြသည်။

**Source:** https://myanmar.mmtimes.com/news/138080.html

## မုံရွာမြို့နယ်ထွက် ဆောင်းကြက်သွန်နီများ ပြည်တွင်း၌သာ တင်ပို့ရောင်းချနေရ



ယခင်နှစ်က ပြည်ပတင်ပို့ရောင်းချခဲ့ရသော မုံရွာမြို့နယ်ထွက် ဆောင်းကြက်သွန်များ ယခုနှစ်တွင် ပြည်တွင်း၌သာ တင်ပို့ ရောင်းချ နေရကြောင်း မုံရွာမြို့ ချမ်းမြဝတီရပ်ကွက် အောင်ကောင်းပြည့် ကြက်သွန်ပွဲရုံပိုင်ရှင် ကိုဟန်နိုင်ဦးကပြောသည်။ "မုံရွာမြို့နယ်မှာ ဆောင်းကြက်သွန်နီ စိုက်ဧက ၇၃၀၀ လောက်ရှိတယ်။ ထွက်လာတဲ့ ကြက်သွန်တွေကို အရင်နှစ်က အိန္ဒိယနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွေကို တင်ပို့ရောင်းချခဲ့ပေမယ့် အခုနှစ်မှာ ရန်ကုန်မြို့၊ မန္တလေးမြို့နဲ့ မော်လမြိုင်မြို့တွေကို တင်ပို့ရောင်းချနေပါတယ်"ဟု ၎င်းက ပြောသည်။ မုံရွာမြို့နယ်အတွင်းရှိ ကြက်သွန်ပွဲရုံများ ကြက်သွန်တင်ပို့ရောင်းမှုသည် ယခင်နှစ်ကထက် ၇၀ ရာခိုင်နှုန်းခန့်ကျဆင်းသွားကြောင်းသိရသည်။ ယခင်နှစ် ဧပြီလဆန်းက တစ်ပတ်လျှင် အနည်းဆုံး သုံးစီးခန့် တင်ပို့ရောင်းချရသော်လည်း ယခုနှစ် ပြည်ပဝယ်လိုအားနည်းပါးခြင်းနှင့် တောင်သူများ ဈေးကောင်းစောင့် သိုလှောင်ခြင်းတို့ကြောင့် တစ်ပတ်လျှင် ကားတစ်စီးခန့်သာ တင်ပို့ရောင်းချနေရကြောင်းသိရသည်။

လက်ရှိအချိန်သည် ကြက်သွန်ပေါ်ချိန်ဖြစ်ကာ ကြက်သွန်စိုက်တောင်သူများ၊ ကုန်သည်ပွဲစားများ၊ ပွဲရုံများ အရောင်းအဝယ် ကောင်းသည့်ကာလဖြစ်သော်လည်း COVID-19 ကြောင့် အခက်အခဲဖြစ်ပေါ်ကာ ယခင်နှစ်ကထက် အရောင်းအဝယ် ကျဆင်း နေခြင်းဖြစ်သည်။ ပွဲရုံများတွင် လုပ်ကိုင်နေသောအလုပ်သမားများ ယခင်နှစ်က တစ်ရက်လုပ်အားခ ကျပ် ၂၀၀၀၀ မှ ကျပ် ၃၀၀၀၀ အထိရခဲ့ကြသော်လည်း ယခုနှစ်တွင် တစ်ရက်လုပ်အားခ ကျပ် ၁၀၀၀၀ ဝန်းကျင်ခန့်သာရရှိကြောင်းသိရသည်။ "ကျွန်တော်တို့အလုပ်လုပ်တာက ပိဿာစားနဲ့ လုပ်တာပါ။ မနှစ်က ဒီအချိန်ဆိုရင် တစ်ရက်ကို အနည်းဆုံး ကျပ် ၂၀၀၀၀ လောက်ရတယ်။ ဒီနှစ်ကတော့ ကျပ် ၁၀၀၀၀ ပြည့်ဖို့ အတော်ခဲယဥ်းတယ်"ဟု မုံရွာမြို့ ချမ်းမြဝတီရပ်ကွက် ကြက်သွန်ပွဲရုံ အလုပ်သမား ကိုတရုတ်ကြီးကပြောသည်။

**Source:** https://myanmar.mmtimes.com/news/138075.html

## ကမ္ဘာ့ဈေးကွက်လိုအပ်ချက်မြင့်နေ၍ ဒေသမျိုးရင်းအုန်းပင်များစိုက်ပျိုးရန် တိုက်တွန်း




ကမ္ဘာ့ဈေးကွက်အတွင်း အုန်းသီးလိုအပ်ချက် မြင့်တက်နေသဖြင့် ဒေသမျိုးရင်း အုန်းပင် (အုန်းနို့၊ အုန်းဆီထွက်ရှိသည့် အုန်းပင်မျိုးရင်း)တို့ရဲ့ စိုက်ပျိုးကြရန် အုန်းသီးအသင်းဥက္ကဋ္ဌ ဒေါ်စန်းစန်းဟန်က တိုက်တွန်းသည်။ "ထိုင်းနိုင်ငံက အုန်းစိမ်းရည်သောက်တဲ့ အုန်းသီးမျိုးတွေ ဧကများစွာ စိုက်ထားတဲ့သူတွေရှိတယ်။ ကျွန်မကို သူတို့အကြံဉာဏ်လာတောင်းတဲ့အခါ ဒေသမျိုးရင်းအုန်းပင်တွေကိုပဲစိုက်ဖို့ အကြံပေးပါတယ်။ ထိုင်းနိုင်ငံ အုန်းပင်တွေက သူတို့ပိုင်တဲ့ အုန်းပင်မျိုး ဖြစ်ကြောင်း တရားဝင်မှတ်ပုံတင်ထားတဲ့အတွက် အုန်းသီးခူးဆွတ်ပြီး ပြည်ပကို တင်ပို့ရောင်းချနိုင်ဖို့က မလွယ်ကူပါဘူး"ဟု ဒေါ်စန်းစန်းဟန်ကပြောသည်။ ၂၀၁၉ ခုနှစ်အတွင်း သီရိလင်္ကာနိုင်ငံက မြန်မာနိုင်ငံအတွင်း တန်ဖိုးမြင့် အုန်းသီးထုတ်ကုန်စက်ရုံ တည်ထောင်နိုင်ရန် လာရောက်စုံစမ်းခဲ့သော်လည်း ပြည်တွင်းခြံပိုင်ရှင်များက ဈေးကစားခြင်း၊ ပုံမှန်တင်သွင်းနိုင်မည့် အုန်းသီးပမာဏမှန်ကန်စွာ မပြောခြင်းတို့ကြောင့် စက်ရုံတည်ထောင်မည့်ကိစ္စပျက်သွားခဲ့သည်ဟု ၎င်းက ပြောသည်။

ပြည်တွင်းမှ အုန်းသီးများကို တရုတ်နှင့် ထိုင်းနိုင်ငံတို့သို့ တင်ပို့ရောင်းချမှုများရှိသော်လည်း COVID -19 ဖြစ်ပွားမှုကြောင့် ရပ်ဆိုင်းနေကြောင်း ၎င်းက ပြောသည်။ အိန္ဒိယနိုင်ငံက အုန်းသီးတန်ချိန် ၄၀၀၀ ဝယ်ယူရန် ကမ်းလှမ်းလာသော်လည်း ပြည်တွင်းတွင် အုန်းသီးလုံလောက်မှုမရှိကြောင်း အုန်းသီးတင်ပို့ရောင်းချသည့် လုပ်ငန်းရှင် ဦးမျိုးဝင်းကပြောသည်။ "ပြည်ပကို အုန်းသီးတင်ပို့ရောင်းချမှု ရပ်တန့်နေပေမယ့် ပြည်တွင်း အုန်းသီးသုံးစွဲမှုနှုန်းက အရင်ကထက် တိုးလာတဲ့အတွက် အုန်းသီးဈေးနှုန်း ကျဆင်းသွားတာ မရှိပါဘူး"ဟု ဦးမျိုးဝင်းက ပြောသည်။ လက်ရှိတွင် အုန်းသီးခြောက် တစ်လုံး ကျပ် ၃၀၀ နှင့်၊ အုန်းသီးစိမ်းတစ်လုံး ကျပ် ၅၀၀ ပေါက်ဈေး ရှိသည်။

**Source:** https://myanmar.mmtimes.com/news/138068.html

## ပြည်ပဆန်ပို့ခွင့် လိုင်စင်သစ်ချထားရေး စီးပွားကူးသန်းသုံးသပ်နေ

COVID-19 ကြောင့် ပြည်ပသို့ဆန်တင်ပို့ခွင့်လိုင်စင် ယာယီရပ်ဆိုင်းထားရာ ပြည်တွင်းစားနပ်ရိက္ခာဖူလုံရေး၊ ဈေးနှုန်း တည်ငြိမ်ရေးနှင့် ရောဂါဖြစ်ပွားမှုအခြေအနေများကို ပြန်လည်သုံးသပ်ပြီးမှ လိုင်စင်သစ်ချပေးခြင်းကို ဆောင်ရွက်မည် ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှသိရသည်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက် အမြဲတမ်းအတွင်းဝန် ဦးခင်မောင်လွင်က "အခုက လိုင်စင်သစ်ချပေးဖို့ အခြေအနေကြည့်နေတဲ့သဘောပါ။ ကိုယ့်ပြည်တွင်းဖူလုံမှုကိစ္စတွေ ၊ COVID-19 နဲ့ ပတ်သက်တဲ့အနေအထားတွေကြောင့် စဉ်းစားနေတဲ့အနေအထားပါ။ နိုင်ငံတွေ ကတော့ ဝယ်လိုအားတော့များနေပါတယ်။ ကုန်အမှာစာတွေလည်း ရနေတယ်"ဟု ရှေ့ဝတီသို့ ပြောသည်။

လက်ရှိအချိန်တွင် နိုင်ငံတိုင်းက စားနပ်ရိက္ခာလိုအပ်ချက်ရှိနေပြီး တခြားနိုင်ငံများကလည်း မြန်မာနိုင်ငံမှ ဆန်လိုချင် ကြောင်း ကမ်းလှမ်းလာမှုများလည်း ရှိနေကြောင်း ၎င်းကပြောသည်။ "ဒါပေမယ့် ကျနော်တို့ဘက်ကတော့ အခြေအနေ စောင့်ကြည့်နေတဲ့ အနေအထားဖြစ်တယ်။ မကြာခင် မှာတော့ စာထွက်တော့မှာပေါ့။ ကိုယ့်နိုင်ငံရဲ့ စားနပ်ရိက္ခာ ဖူလုံဖို့။ COVID-19 ကြောင့် အထိတ်တလန့်နဲ့ ဈေးထွက်ဝယ်တဲ့အခါကျတော့ ဈေးနှုန်းတွေ ကြီးမြင့်လာတာဖြစ်လာတယ်။ ဒါတွေကို ပြန်ပြီးချိန်ဆနေတယ်"ဟု ၎င်းကရှင်းပြသည်။ မြန်မာနိုင်ငံသည် စားနပ်ရိက္ခာထုတ်လုပ်သည့် နိုင်ငံဖြစ်သောကြောင့် ပြည်တွင်း၌ ဆန်ပိုလျှံမှုရှိသော်လည်း လက်ရှိ၌ စားနပ်ရိက္ခာအနေအထားကို ဂရုစိုက်ရမည်ဖြစ်သောကြောင့် ပြည်ပဆန်တင်ပို့ခွင့် လိုင်စင်သစ်ချထားပေးခြင်းကို စောင့်ကြည့်နေသော အနေအထားဖြစ်ကြောင်းသိရသည်။

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် နာယက ဦးချစ်ခိုင်က "ပြည်ပ ဆန်ပို့မှု ဧပြီလမှာ လိုင်စင်ချထားမှု မပြုရန် ဆုံးဖြတ် မယ်လို့ ကြားတဲ့ အတွက် အလေးအနက်စဉ်းစား၍ ပြန်လည်ပြင်ဆင်ရန် တိုက်တွန်းပါတယ်။ အသံကြောင့် စပါး ဈေးကျဆင်းသွားနိုင်ပါတယ်"ဟု ၎င်း၏ လူမှုကွန်ရက် စာမျက်နှာတွင် ဖော်ပြထားသည်။ ပြည်ပတင်ပို့ခွင့် ဆန်လိုင်စင်အား မေလမှသာ

လျှော့ချထားနိုင်ပြီး လျှော့ချထားသောကုမ္ပဏီသည် မိမိလျှော့ချထား သည့် ပမာဏ၏ ၁၀ ရာခိုင်နှုန်းအား အရေးပေါ်ကာလ အသုံးပြုရန် အရန်ဆန်အဖြစ် ထားရှိရမည့် သတ်မှတ်ကို ထောက်ခံပါကြောင်း ၎င်းကပြောဆိုထားသည်။ ယခု ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ ဆန်တန်ချိန် ၁ ဒသမ ၅ သန်းကျော် တင်ပို့ထားပြီး ယခင်နှစ်ကာလတူနှင့်နှိုင်းယှဉ်လျှင် တန်ချိန် ၃ သိန်းခန့်ပို၍တင်ပို့ထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး စာရင်းများတွင်ဖော်ပြထားသည်။

**Source:** https://burma.irrawaddy.com/business/2020/04/04/219992.html

## COVID-19 ကြောင့် ထိခိုက်သည့် ခရီးသွားကဏ္ဍ ကျပ်သိန်း ၅၀၀ အောက် ပမာဏ ချေးငွေလျှော့ချထားမှုများပြား

COVID-19 ရိုက်ခတ်မှုကြောင့် ပြည်တွင်းစီးပွားရေး ထိခိုက်မှုများအတွက် အတိုးနှုန်း ၁ ရာခိုင်နှုန်း အစိုးရက ထုတ်ချေးမည့် ချေးငွေအတွက် ခုနစ်ရက်အတွင်း ဟိုတယ်နှင့်ခရီးသွားကဏ္ဍမှ လျှော့ချလွှာတင်သွင်းသူ ၂၀၀ကျော် ထိရှိနေပြီး အများစုမှာ ကျပ်သိန်းငါးရာ ဝန်းကျင်အောက် အဆိုပြု ပမာဏဖြင့် ချေးငွေလျှော့ချလွှာ တင်သွင်းမှုများရှိကြောင်း မြန်မာနိုင်ငံခရီးသွား လုပ်ငန်းရှင်များအသင်းထံမှ ဧပြီ ၆ ရက်တွင်သိရသည်။ "ခရီးသွားကုမ္ပဏီအများစုက ကျပ်သိန်း ၅၀၀ ဝန်းကျင်တွေ လျှော့ချလေ့ရှိပြီး၊ ဟိုတယ်အများစုကတော့ ဝန်ထမ်းအရေအတွက် အပေါ်မူတည်ပြီး ကျပ်သိန်း ၁၀၀၀ ဝန်းကျင်တွေ လျှော့ချကြတာရှိတယ် "ဟု မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးနောင်နောင်ဟန်ကဆိုသည်။ ချေးငွေလျှော့ချလွှာတင်သွင်းသည့် ကုမ္ပဏီအများစုအနေဖြင့် ငွေကြေးဆိုင်ရာဘဏ္ဍာရေးရှင်းတမ်းများနှင့်ပတ်သက်ပြီး ဖော်ပြချက်များနှင့် လက်ရှိလျှော့ချထားသည့် ပမာဏများ ကွာဟမှုနေသည်ကိုတွေ့ရပြီး လက်ရှိချေးငွေလျှော့ချထားမှု အဆိုပြုပမာဏသည် ဘဏ္ဍာရေးရှမ်းတမ်းများ၌ ဖော်ပြသည့်ကုမ္ပဏီ၏ တစ်နှစ်စာ ဝင်ငွေဖော်ပြချက်ထက်များနေသည်ကို တွေ့ရကြောင်း ဦးနောင်နောင်ဟန်က ဆက်လက်ရှင်းပြသည်။

COVID-19 ကြောင့် ထိခိုက်မှုနှင့် ပတ်သက်သည့် ချေးငွေများကို ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း၊အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် အခစား လုပ်ငန်းများမှ လုပ်ငန်းရှင်များ အနေဖြင့် ထုတ်ယူနိုင်ပြီး လျှော့ချလွှာများကို ဧပြီ ၉ ရက်နောက်ဆုံး တင်သွင်းရမည်ဖြစ်သည်။ နိုင်ငံတော်မှ ထုတ်ချေးမည့် ဘီလီကျပ် ၁၀၀ သည် ဝန်ထမ်းလစာပေးရန် အခက်အခဲရှိသည့် လုပ်ငန်းရှင်များကို ဦးစားပေးကဏ္ဍအနေဖြင့် ကနဦးရန်ပုံငွေဖြင့် ထုတ်ချေးခြင်းဖြစ်သည်။ ချေးငွေနှင့် တ်သက်သည့် အသုံးပြုမည့်လုပ်ငန်းအစီအမံများ၊ လုပ်ငန်းလိုင်စင်များ၊ အခွန်ဆောင်ထားသည့်ပြေစာများစသည် အထောက်အထားများကိုလည်း ချေးငွေလျှော့ချလွှာများတွင် ဖော်ပြရန်လိုအပ်မည်ဖြစ်သည်။ ချေးငွေများထုတ်ချေးရာတွင် အမှန်တကယ် လုပ်ငန်းလုပ်ကိုင်နေပြီး လက်တလောတွင် အမှန်တစ်ကယ် ချေးငွေလိုအပ်နေသည့် သက်ဆိုင်ရာကဏ္ဍများမှ လုပ်ငန်းငယ်များကို ဦးစားပေးထုတ်ချေးရန်လိုအပ်ကြောင်း ခရီးသွားလုပ်ငန်းရှင်တစ်ဦးဖြစ်သူ ဒေါ်စပယ်အောင်ကမြန်မာတိုင်းမ်သို့ မှတ်ချက်ပြုထားသည်။

ချေးငွေလျှော့ချလွှာတွင် ဖော်ပြထားသည့် ကန့်သက်ချက်အရ လိုင်စင်သက်တမ်း နှစ်နှစ်ရှိသည့် ကုမ္ပဏီများသာ အတိုးနှုန်း ၁ရာခိုင် နှုန်းဖြင့် ထုတ်ချေးမည့် လျှော့ချထားခွင့်ရမည် ဖြစ်သဖြင့် အစပျိုးလုပ်ကိုင် ဆောင်ရွက်နေသည့် လုပ်ငန်းများအနေဖြင့် ယင်းချေးငွေကို လျှော့ချထားခွင့်ရမည်မဟုတ်ကြောင်း ခရီးသွားလုပ်ငန်းလုပ်ကိုင်သူများက ဆိုသည်။ နိုင်ငံတော်၏ ထုတ်ချေးမည့်ချေးငွေ ကျပ် ၁၀၀ ဘီလီယံတွင် အသင်းလက်အောက်ရှိ တစ်နိုင်တစ်ပိုင်ခရီးသွားလုပ်ငန်း (MICRO) သမားများအတွက် ချေးငွေလျှော့ချရန်မှာ ခက်ခဲနေမည်ဖြစ်ကြောင်း ဘုရားဖူးနှင့်ခရီးသွားဝန်ဆောင်မှုအသင်း (DPTOA) အသင်းထံမှသိရသည်။ ချေးငွေလျှော့ချလွှာများကို နှစ်ဆင့် စိစစ်မည်ဖြစ်ပြီး သက်ဆိုင်ရာအသင်းအဖွဲ့များပါဝင်သည့် စိစစ်ရေးအဖွဲ့များက ဆိုင်ရာ ကဏ္ဍများ အလိုက် ကနဦးစီစစ်အကဲဖြတ်မည်ဖြစ်သည်။ ယင်းတို့မှ သတ်မှတ်ချက်နှင့်အညီ တင်ပြလာသည့် လျှော့ချလွှာများကို သက်ဆိုင်ရာဝန်ကြီးဌာန တာဝန်ရှိသူများက ထပ်မံစီစစ်ကာ ဗဟိုအစိုးရအဖွဲ့သို့ တင်ပြကာ အတည်ပြုချက်ရယူမည်ဖြစ်ကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနထံမှသိရသည်။

COVID-19 ကြောင့် ထိခိုက်မှုရှိနေသော စီးပွားရေးလုပ်ငန်းများအား COVID-19 Fund မှ ချေးငွေထုတ်ပေးမည်ဖြစ်ရာ ချေးငွေလျှော့ချထားသည့် စီးပွားရေးလုပ်ငန်းများကို ဧပြီလအတွင်းချေးငွေထုတ်ပေးမည်ဟု မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင် တာဝန်ရှိသူများကပြောဆိုထားသည်။

**Source:** https://myanmar.mmtimes.com/news/138058.html


## COVID-19 ရိုက်ခတ်မှုများကြားက ကိုရီးယားသမ္မတနိုင်ငံ၏ ပို့ကုန်အသာစီးရရှိခဲ့မှုအခြေအနေ

ကုန်သွယ်ရေး၊ စက်မှုနှင့် စွမ်းအင်ဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၁ ရက်နေ့တွင် ထုတ်ပြန်ချက်အရ ကိုရီးယားသမ္မတနိုင်ငံ၏ ၂၀၂၀ ပြည့်နှစ်၊ မတ်လအတွင်းကုန်သွယ်မှုပမာဏသည် ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၄၆.၉ ဘီလီယံ၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၄၁.၉ ဘီလီယံ ဆောင်ရွက်နိုင်ခဲ့သဖြင့် ကုန်သွယ်မှုပမာဏတန်ဖိုး အမေရိကန်ဒေါ်လာ ၈၈.၈ ဘီလီယံနှင့် ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ ၅ ဘီလီယံဖြစ်ပါသည်။ ယခင်နှစ်ကာလတူထက် ပို့ကုန်တွင် ၀.၂ ရာခိုင်နှုန်း၊ သွင်းကုန်တွင် ၀.၃ ရာခိုင်နှုန်းအသီးသီးကျဆင်းခဲ့သော်လည်း ပို့ကုန်အသာစီးရမှု ၉၈ လမြောက်အဖြစ် ဆက်တိုက်တည်ရှိဆဲဖြစ်ကြောင်း သိရှိရပါသည်။ ကမ္ဘာနှင့်အဝှမ်းတွင် COVID-19 ကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းများအတွက် Teleconferencing နည်းပညာကို ပိုမိုအသုံးပြုလာကြခြင်းကြောင့် နည်းပညာဆိုင်ရာဆက်စပ်ပစ္စည်းများ၏ ဝယ်လိုအား မြင့်တက်ခဲ့ခြင်းသည်လည်း အကြောင်းရင်းတစ်ရပ်ဖြစ်ကြောင်း သိရှိရပါသည်။

၂၀၂၀ ပြည့်နှစ်၊ မတ်လအတွင်း နေ့စဉ်ပျမ်းမျှတင်ပို့နိုင်မှုသည် အမေရိကန်ဒေါ်လာ ၂ ဘီလီယံဖြစ်ပြီး၊ ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်လျှင် လျော့နည်းသော်လည်း ကိန်းဂဏန်းကွာခြားမှုသည် ယခင်လများနှင့်နှိုင်းယှဉ်လျှင် လျော့ကျလာကြောင်း၊ ပို့ကုန်ဈေးနှုန်းအနေဖြင့် ၁၁.၇ ရာခိုင်နှုန်း ကျဆင်းခဲ့သော်လည်း ပို့ကုန်ပမာဏတွင် ၁၃.၁ ရာခိုင်နှုန်းတိုးတက်လာခဲ့ကြောင်း၊ သို့ရာတွင် တရုတ်နိုင်ငံမှအစပြုခဲ့သည့် COVID-19 ကူးစက်ရောဂါသည် ယခုအခါ ကမ္ဘာနှင့်အဝှမ်းသို့ကူးစက် ပျံ့နှံ့၍ အမေရိကန်နိုင်ငံနှင့် အီတလီနိုင်ငံတို့တွင် ပိုမိုဆိုးရွားလာသဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ နောက်ပိုင်းတွင် ကုန်သွယ်ရေးအပေါ်ရိုက်ခတ်မှုများက ပိုမိုဆိုးရွားလာဖွယ်ရှိကြောင်း သိရှိရပါသည်။

ကိုရီးယားသမ္မတနိုင်ငံ၏ အဓိကပို့ကုန် ၂၀ မျိုးအနက် ၉ မျိုးသည် တိုးတက်လာခဲ့ကြောင်း ၊ ယင်းတို့မှာ မော်တော်ယာဉ်များ၊ မော်တော်ယာဉ်အစိတ်အပိုင်းများ၊ ကြိုးမဲ့ဆက်သွယ်ရေးကိရိယာများ၊ ကွန်ပျူတာများ၊ ဇီဝကျန်းမာရေးပစ္စည်းများ၊ ပလပ်စတစ်ထုတ်ကုန်များ၊ လယ်ယာထွက်ကုန်ပစ္စည်းများနှင့်ရေထွက်ကုန်များ၊ အလှကုန်နှင့် ဓါတုကုန်ချောပစ္စည်းများတို့ ဖြစ်ပြီး၊ တင်ပို့နိုင်မှုကျဆင်းခဲ့သည့် အဓိကပို့ကုန် ၁၁ မျိုးမှာ Semiconductor ၊ အထွေထွေစက် ယန္တရားပစ္စည်းများ၊ ရေနံဓါတုပစ္စည်းများ၊ ရေနံထွက်ပစ္စည်းများ၊ သံမဏိများ၊ သင်္ဘောများ၊ ရုပ်မြင် Display များ၊ အထည်အလိပ်များ၊ ဘက်ထရီ အိုးပစ္စည်းများ၊ အိမ်သုံးပစ္စည်းများနှင့် စက်ရုပ်များတို့ဖြစ်ကြောင်း သိရှိရပါသည်။

အမေရိကန်ပြည်ထောင်စု၊ ဥရောပသမဂ္ဂနိုင်ငံများ၊ အရှေ့အလယ်ပိုင်းဒေသနှင့် ဂျပန်နိုင်ငံတို့သို့ ပိုမိုတင်ပို့နိုင်ခဲ့ပြီး၊ တရုတ်နိုင်ငံ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ အိန္ဒိယ၊ လွတ်လပ်သော ဓနသဟာယနိုင်ငံများ၊ အမေရိကတောင်ပိုင်းနှင့် အလယ်ပိုင်းနိုင်ငံများသို့ တင်ပို့နိုင်မှုလျော့နည်းခဲ့ပါသည်။ အမေရိကန်ပြည်ထောင်စုသို့ မော်တော်ယာဉ်များ၊ အထွေထွေ စက်ပစ္စည်းယန္တရားများ၊ Semiconductorနှင့်ကြိုးမဲ့ဆက်သွယ်ရေးပစ္စည်းများတိုးတက်တင်ပို့နိုင်ခဲ့သဖြင့်(၁၇.၃ ရာခိုင်နှုန်း၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၇.၄ ဘီလီယံ) တိုးတက်ခဲ့ကြောင်း သိရှိရပါသည်။ သို့ပါ၍ COVID-19 ရိုက်ခတ်မှုများ ခံစားရလျက်ရှိသော်လည်း ၂၀၂၀ ပြည့်နှစ်၊ မတ်လအတွင်း ကိုရီးယားသမ္မတနိုင်ငံ၏ ကုန်သွယ်မှုတွင် ပို့ကုန်အသာစီးရရှိခဲ့ကြောင်း သိရှိရပါသည်။




Source: Ministry of Trade, Industry and Energy (MOTIE, Korea)

**စီးပွားရေးသံမှူး-မြန်မာသံရုံး၊ ဆိုးလ်မြို့**

## ဂျပန်က ပြည်ဝင်ခွင့်များ ထပ်မံတင်းကျပ်ဆောင်ရွက်ခဲ့

ကိုရိုနာဗိုင်းရပ်စ်ပြန့်ပွားနေမှုကို တားဆီးတိုက်ဖျက်ရေးကြိုးပမ်းဆောင်ရွက်လျှက်ရှိရာ ဂျပန် နိုင်ငံသည် ဧပြီလ ၃ ရက်နေ့က ပြည်ဝင်ခွင့်ကန့်သတ်ချက်ကို ထပ်မံတင်းကျပ်ဆောင်ရွက်ခဲ့ပါသည်။ ပြည်ပမှ ဂျပန်နိုင်ငံသို့ ပြန်လည်ရောက်ရှိလာသူမှန်သမျှကို နေအိမ်၊ ဟိုတယ်၊ သို့မဟုတ် တစ်နေရာရာ၌ မိမိဖာသာမိမိ သီတင်း၂ ပတ် သီးခြားခွဲနေထိုင်၍ Self Quarantine ပြုလုပ်ကြရန် ဂျပန်အစိုးရက အဆိုပြုထားပါသည်။ ထိုသို့ ၎င်းတို့နေထိုင်ရန်နေရာကို သွားရောက်ရာတွင်လည်း အများပြည်သူအသုံးပြုသည့် သယ်ယူပို့ဆောင်ရေးယာဉ်ကို အသုံးမပြုကြရန်ကိုလည်း ဂျပန်အစိုးရက မေတ္တာရပ်ခံထားပါသည်။ အဆိုပါကန့်သတ်ထိန်းချုပ်မှုများကို ဧပြီလကုန်အထိ တိုးမြှင့်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေငြာခဲ့ပါသည်။

ဂျပန်အစိုးရသည် ပြည်ဝင်ခွင့်ပိတ်ပင်ထားသည့် နိုင်ငံနှင့်ဒေသများအရေအတွက်ကို ၇၃ ခု အထိ တိုးမြှင့်လိုက်ပြီး ဂျပန်ကိုဝင်လာရောက်လာခြင်းမပြုမီ ၂ ပတ်အတွင်းက အဆိုပါနိုင်ငံနှင့်ဒေသများသို့ သွားရောက်ခဲ့သည့် နိုင်ငံခြားသားများကိုလည်း ပြည်ဝင်ခွင့်ပိတ်ပင်ထားပါသည်။ ပြည်ဝင်ခွင့်ပိတ်ပင်ထားသည့် နိုင်ငံ/ဒေသစာရင်းတွင် အသစ်ထပ်မံ တိုးမြှင့်လိုက်သည်နိုင်ငံများမှာ အမေရိကန်ပြည်ထောင်စု၊ ကနေဒါနှင့် ဗြိတိန်နိုင်ငံတို့ဖြစ်ကြပါသည်။

ထို့အပြင် ဥရောပနိုင်ငံအားလုံးနီးပါးမှ ဝင်ရောက်လာကြသူများအားလုံးကို ပြည်ဝင်ခွင့် ပိတ်ပင်မည်ဖြစ်ကြောင်း၊ တရုတ်နှင့် တောင်ကိုရီးယားနိုင်ငံမှ ဝင်ရောက်လာသူများလည်း ပါဝင်ပါကြောင်း၊ အဆိုပါနိုင်ငံများမှ ပြန်လာသည့် ဂျပန်နိုင်ငံသားများသည် ရောဂါလက္ခဏာပြသည်ဖြစ်စေ မပြသည်ဖြစ်စေ အစစ်ဆေးခံရမှာဖြစ်ပါကြောင်း၊ ပြည်ဝင်ခွင့်သတ်မှတ်ချက်ကို မည်သည့်အချိန်တွင် အဆုံးသတ်မည့်ကိစ္စနှင့်ပတ်သက်၍အခြေအနေကို ဆက်လက်စောင့်ကြည့်ပြီးမှသာ ဆုံးဖြတ်မည်ဖြစ်ပါကြောင်း သိရပါသည်။

**စီးပွားရေးသံမှူး-မြန်မာသံရုံး၊ ဂျပန်**

## ဓါတ်ခွဲစမ်းသပ်မှု လုပ်ငန်းသုံးပစ္စည်းများ ပြည်ပတင်ပို့မှုအား အိန္ဒိယအစိုးရက ကန့်သတ်လိုက်ခြင်း

ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရခြင်းရှိမရှိ ဓါတ်ခွဲစမ်းသပ်စစ်ဆေးမှုများအား နိုင်ငံတစ်ဝန်း၌ ကျယ်ပြန့်စွာ လုပ်ဆောင်လာရသည့်အလျောက် ယခင်က ဓါတ်ခွဲစမ်းသပ်မှု လုပ်ငန်းသုံးပစ္စည်းများအား ပြည်ပသို့ လွတ်လပ်စွာတင်ပို့ခွင့်ပြုထားရှိရာမှ ကန့်သတ်တင်ပို့ကုန်စည်များအဖြစ် ပြောင်းလဲသတ်မှတ်လိုက်ကြောင်း ပို့ကုန်ဆိုင်ရာမူဝါဒဆိုင်ရာ ပြင်ဆင်သည့် အမိန့်ကြော်ငြာစာအမှတ် ၅၉/၂၀၁၅-၂၀၂၀ ကို အိန္ဒိယနိုင်ငံ ကူးသန်းရောင်းဝယ်ရေးနှင့်စက်မှုဝန်ကြီးဌာန၊ ပြည်ပကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက ၄.၄.၂၀၂၀ နေ့၌ ထုတ်ပြန်ခဲ့ပါသည်။

အဆိုပါအမိန့်အရ ITC HS code 3822 အောက်ရှိ ဓါတ်ခွဲစမ်းသပ်မှုလုပ်ငန်းသုံးပစ္စည်း (diagnostic kits) များအားလုံးအား ပြည်ပတင်ပို့ရာ၌ ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် ၎င်းနေ့ရက်မှစတင်၍ သက်ဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းများထံမှ ကြိုတင်ခွင့်ပြုချက်ရယူဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။

**Source:** **Notification No.59/2015-2020 dated 4th Apr 2020 of Directorate General of Foreign Trade, Ministry of Commerce and Industry of India**

**စီးပွားရေးသံမှူး-မြန်မာသံရုံး၊ နယူးဒေလီမြို့**

## HSBC နှင့် STANCHART ဘဏ်တို့အား ဟောင်ကောင်ဒေသမှ ကြိုဆိုလျှက်ရှိခြင်း

HSBC နှင့် Standard Chartered ဘဏ်များအနေဖြင့် ရုံးချုပ်ကို ဟောင်ကောင်ဒေသသို့ ပြောင်းရွှေ့လာလျှင် ဟောင်ကောင်ဒေသအနေဖြင့် ကြိုဆိုပါကြောင်း၊ HSBC နှင့် Standard Chartered ဘဏ်တို့သည် ဟောင်ကောင်နှင့် အာရှဒေသတွင် ဘဏ်လုပ်ငန်းအများအပြား လုပ်ကိုင်လျက်ရှိပါကြောင်း၊ ဟောင်ကောင်ဒေသ၏ စီးပွားရေးအခွင့်အလမ်းများနှင့် စည်းမျည်းစည်းကမ်းများမှာ ကောင်းမွန်ကြောင်း၊ HSBC ဘဏ်သည် COVID-19 ဖြစ်ပွားမှုကြောင့် SMEs လုပ်ငန်းများအား ပံ့ပိုးနိုင်ရန် ၂၀၁၉ ခုနှစ်၊ စတုတ္ထလေးလပတ်အတွက်နှင့် ၂၀၂၀ ပြည့်နှစ် တတိယလေးလပတ်အထိ ရှယ်ယာရှင်များအားအမြတ်ခွဲဝေပေးမှုအား ပယ်ဖျက်မည်ဟု လန်ဒန်အခြေစိုက် ရှယ်ယာရှင်မှပြောကြားခဲ့ကြောင်း၊ သို့သော်

ဟောင်ကောင် ငွေကြေးအာဏာပိုင်အဖွဲ့ (Hong Kong Monetary Authority –HKMA) ကပြောကြားရာတွင် ဟောင်ကောင် ဒေသရှိ ဘဏ်များမှာ ငွေကြေးလည်ပတ်မှု ကောင်းမွန်စွာရှိသောကြောင့် ရှယ်ယာရှင်များအား အမြတ်ခွဲဝေပေးမှုအား ရပ်ဆိုင်းထားမည်မဟုတ်ကြောင်း၊ ငွေကြေးစင်တာဖြစ်သည့် ဟောင်ကောင်ဒေသအနေဖြင့် ပြန်လည် တိုးတက်မှုများ ရှိလာမည်ကို HSBC ဘဏ်အနေဖြင့် ယုံကြည်မှုရှိကြောင်း၊ ဟောင်ကောင်ဒေသ ဆက်လက် ဖွံ့ဖြိုးတိုးတက်ရန် အတွက် ကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း၊ ဟောင်ကောင်ဒေသ၌ ကြီးမားသည့် ငွေကြေးဈေးကွက်ရှိပြီး ၂၀၁၉ ခုနှစ်က အာရှမှ ဝင်ငွေရရှိမှု၏ (၄၉) ရာခိုင်နှုန်းမှာ ဟောင်ကောင်ဒေသမှဖြစ်ကြောင်း၊ HSBC ဘဏ်ကို ဟောင်ကောင်ဒေသ၌ ၁၈၆၅ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး ဗြိတိန်တွင် လုပ်ငန်းချဲ့ထွင်ရန် Midland Bank အား ဝယ်ယူခဲ့ပြီးနောက် ၁၉၉၃ ခုနှစ်တွင် ရုံးချုပ်အား လန်ဒန်သို့ ပြောင်းရွှေ့ခဲ့ ကြောင်း၊ ယခုအခါ ရှယ်ယာရှင်များအတွက် အမြတ်ငွေ ခွဲဝေပေးမှုများ အဆင်ပြေစေရန် ငွေကြေး လည်ပတ်စီးဆင်းမှု ကောင်းမွန်သည့် ဟောင်ကောင်ဒေသသို့ HSBC ဘဏ်ကို ရုံးချုပ်ပြန်လည် ရွှေ့ပြောင်းလာစေရန် ရှယ်ယာ ရင်းနှီးမြှုပ်နှံထားသူများက မဲဆွယ်မှုများ ပြုလုပ်နေမည်ဖြစ် ကြောင်း ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၄ ရက်နေ့ထုတ် South China Morning Post သတင်းစာ၌ Enoch Yiu က " HK Home 'Welcome' for HSBS and STANCHART" ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

**စီးပွားရေးသံမှူး-မြန်မာသံရုံး၊ ဟောင်ကောင်**

## STOCK EXCHANGE (7.4.2020)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 7th Apr. 2020


**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 10,500 | +700 | +7.14% | 9,900 | 10,500 | 9,900 | 1,472 | 15,149,000 | 27,112,747 | 284,684 |
| MTSH | 00002 | 3,700 | +150 | +4.23% | 3,550 | 3,750 | 3,550 | 4,076 | 14,873,350 | 38,929,150 | 144,038 |
| MCB | 00003 | 8,000 | +0 | +0.00% | 8,100 | 8,100 | 8,000 | 319 | 2,552,200 | 10,400,986 | 83,208 |
| FPB | 00004 | 21,500 | +0 | +0.00% | 21,000 | 21,500 | 21,000 | 285 | 5,986,500 | 2,472,053 | 53,149 |
| TMH | 00005 | 2,750 | +0 | +0.00% | 2,650 | 2,750 | 2,650 | 3,065 | 8,428,650 | 12,823,224 | 35,264 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 438.42 | +18.12 | +4.31% | 421.38 | 438.94 | 421.38 | 9,217 | 46,989,700 | 5 | 600,343 |

**Index chart**



# Market Overview

As of 12:00 pm, 7th Apr. 2020

| MYANPIX | 438.91 ▲ 18.61 |
|---|---|
| Total Volume (shares) | 5,150 |
| Total Value (MMK) | 33 mil |
| Listed Company | 5 |
| Market Cap. (MMK) | 601,007 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 10,500 | ▲ 700 |
| MTSH | 00002 | 3,750 | ▲ 200 |
| MCB | 00003 | 8,000 | ▲ 0 |
| FPB | 00004 | 21,500 | ▲ 0 |
| TMH | 00005 | 2,650 | ▼ 100 |

TIR